
# မင်းမြတ်သူရ

နေနဲ့လနှစ်ပါးဆိုင်



## နေနဲ့လနှစ်ပါးဆိုင်

တစ်နေ့သ၌ မြိတ်မြို့ ဆိပ်ကမ်းရှိ ကုန်လှောင်ရုံကြီးများရှိရာ အရပ်တွင် လူငယ်တစ်စုသည် လက်မောင်းအားလုံနေသော လူငယ်နှစ်ဦးကို ကြည့်၍ အားပါးတရ အော်ဟစ်အားပေးနေလေ၏။

လက်မောင်းအားလုံနေသော လူငယ်နှစ်ဦးအနက် တစ်ဦးမှာ ဗလမောင်ကြီးကဲ့သို့ တုန်ခိုင်သန်မာပြီး ကျန်တစ်ဦးမှာ ကျစ်လစ်ကြံ့ခိုင်သော ခန္ဓာကိုယ်ရှိလေ၏။

လူငယ်နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ခွန်အားခြင်း မတိမ်းမယိမ်းဖြစ်နေသဖြင့် အနိုင်ရရှိရန် ကျားကုတ်ကျားခဲ ယှဉ်ပြိုင်နေလေ၏။ ဗလမောင်ကြီးသည် သူ၏ ဗလအားကိုးဖြင့် မာန်မာန ထောင်လွှားဟန်ရှိပြီး ကျစ်လစ်သောသူငယ်ကို အနိုင်ရလိုစိတ်များပြားနေလေ၏။

ကျစ်လစ်သော လူငယ်ကမူ ဣန္ဒြေ မပျက်သော အမူအရာဖြင့် ဗလမောင်ကြီးကို အေးဆေးစွာ ယှဉ်ပြိုင်နေလေ၏။ ၎င်းတို့ကို အားပေးနေသော လူငယ်တစ်စုမှာလည်း အားမလိုအားမရဖြင့် ဆူညံစွာ အော်ဟစ်အားပေးနေကြ၏။

လူငယ်နှစ်ဦးသည် လက်မောင်းအားလုံရင်း ခွန်အားကို အသုံးပြုရလွန်းသဖြင့် မျက်နှာများ နီရဲလာပြီး ချွေးများလည်း မြင်မကောင်းအောင် ထွက်နေလေ၏။

၎င်းတို့သည် အတန်ကြာအောင် ယှဉ်ပြိုင်ပြီးနောက် ဗလမောင်ကြီးသည် တဖြည်းဖြည်း အင်အားဆုတ်ယုတ်လာပြီး ကျစ်လျစ်သော လူငယ်က အသာစီးရရှိလာ၏။

ထိုအခါ ကြည့်ရှုနေသော လူငယ်များသည် ပိုမို၍ ဆူညံစွာအော်ဟစ်ကြလေ၏။

လူငယ်များသည် လောင်းကြေးငွေများထပ်၍ လောင်းကစားကြသဖြင့် အသာစီးရနေသူများက ပိုမို၍ အားတတ်သရော အော်ဟစ်ကြလေ၏ ။

ဗလမောင်ကြီးသည် မခံချင်စိတ်ကြောင့် အံ့ကိုကြိတ်၍ သွေးကြောကြီးများထောင်ထလာအောင် ယှဉ်ပြိုင်သော်လည်း ကျစ်လျစ်သော လူငယ်ကို မယှဉ်နိုင်ဘဲ အရှုံးပေးလိုက်ရ၏ ။

ထိုအခါ လောင်းကြေးငွေများ ရရှိသော လူငယ်များသည် ကျစ်လစ်သော သူငယ်ကို ချီးကျူးကြလေ၏ ။

သို့သော် လူငယ်သည် လက်မောင်း အားလုံ့ပွဲတွင် အနိုင်ရလိုက် သော်လည်း မာန်ဝံ့ဟန်မရှိဘဲ ရှုံးနိမ့်သွားသော လူထွားကြီးကိုသာ အေးတိအေးစက် လှမ်းကြည့်လိုက်၏ ။

ထိုအခါ လူထွားကြီးက လူငယ်ကို မျက်နှာရှုံ့မဲ့၍ ကြည့်ရှုလိုက်ပြီး ခါးကြားမှ ပိုက်ဆံထုတ်ကို ထုတ်၍

"ဒီပွဲမှာ မင်းနိုင်သွားပြီပေါ့ကွာ၊ နောက်တစ်ကြိမ်ဆိုရင်တော့ ငါ့အလှည့်ရောက်မှာပေါ့"

ဟုပြောလိုက်လေ၏ ။ လူငယ်က လူထွားကြီးကို ကြည့်၍ ပခုံးတွန့်လိုက်ပြီး

"နောက်တစ်ကြိမ်ပြန်ဆုံရင်တော့ ငါ့ကိုနိုင်အောင် ကြိုးစားပါ ဗလကြီး၊ ဘာပဲဖြစ်ဖြစ် ရှုံးတာနိုင်တာ ပဓာနမဟုတ်ပါဘူး၊ လက်မောင်းအားလုံ့ပွဲမှာ အနိုင်ရလိုက်လို့လဲ လူ့ဘဝကြီးမှာ ဘာတစ်ခုမှ ထူးပြီး ဖြစ်သွားမှာမဟုတ်ပါဘူး၊ ဒါကို သဘောပေါက်ရင် မင်းကျေနပ်မှာပါ မင်းကို နိုင်လို့ ငါဂုဏ်းလည်း မသာဘူး "

ဟုပြောလိုက်ရာ ဗလကြီးသည် လူငယ်၏ စကားကို သဘောပေါက် ဟန်မရှိဘဲ ပိုက်ဆံတစ်ထပ်ကို ကမ်းပေးလိုက်ပြီး

“အေးပါကွာ မင်းက အနိုင်ရတဲ့ သူဆိုတော့ ပြောအားရှိတာပေါ့၊ နောက်တစ်ကြိမ်ငါ အားပြန်မွေးပြီးရင် မင်းကို အနိုင်အောင်လုပ်မယ် ဟေ့”

ဟု ကြုံဝါးလိုက်လေ၏ ။ ထိုအခါ အနိုင်ရသော လူငယ်က ဗလကြီးကို သနားဟန်ဖြင့်ကြည့်၍

“မင်းသဘောပေါက်သေးပုံမရဘူး၊ လက်မောင်းအားလုံပွဲမှာ ရှုံးသွားတဲ့အတွက် ငါ့ကို အတော် မကျေမချမ်းဖြစ်နေပုံရတယ် ဒီလိုမှန်းသိရင် မင်းကိုငါ အရှုံးပေးလိုက်မှာပါ”

ဟု ပြောဆိုလိုက်လေရာ ဗလကြီးသည် လူငယ်ကို အံ့ကြိတ်၍ ကြည့်ရှုလိုက်ပြီး

“တောက် . . . . မင်းငါ့ကို လှောင်တာလား . . .”

ဟု မေးမြန်းလိုက်လေ၏ ။ ထိုအခါ လူငယ်က ခေါင်းခါယမ်း၍

“မလှောင်ပါဘူးကွာ၊ မကျေမချမ်းဖြစ်နေတဲ့စိတ်ကို လျှော့လိုက်ပါ၊ လောကမှာ ဒီထက်ကြီးမားတဲ့ယှဉ်ပြိုင်ပွဲကြီးတွေ အများကြီး ရှိပါတယ်၊ အကြီးကြီးတွေ ကို ကြည့်စမ်းပါ၊ အသေးလေးတွေကို ဂရုစိုက်မနေစမ်းပါနဲ့၊ ကဲ ငါသွားမယ်ဟေ့။ ဒီနေ့ည အိပ်ပျော်အောင်အိပ်ပါ”

ဟုပြောကာ ဗလကြီးကို ကျောခိုင်း၍ ထွက်ခဲ့လေ၏ ။ ဗလကြီး သည် မကျေမချမ်း ကျန်ရစ်ခဲ့လေ၏ ။

လူငယ်သည် ဗလကြီးထံမှ အနိုင်ရရှိသောငွေစက္ကူများကို ယပ်တောင်သဖွယ် တဖျပ်ဖျပ်ခပ်ရင်း လမ်းလျှောက်လာ၏ ။ ဆိပ်ကမ်းတစ်နေရာသို့ရောက်သော အခါ ကစားနေသော ကလေးငယ်များထံသို့ သွား၍ ငွေစက္ကူများကို ဝေငှပေးလိုက်၏ ။

ကလေးငယ်များသည် ငွေစက္ကူများကို ရရှိသဖြင့် ဝမ်းသာဟန်ဖြင့်

ဟေား � ခနဲ အော်ဟစ် ကြလေ၏။

လူငယ်သည် ကလေးများကို နှုတ်ဆက်ရင်း မြို့စွန်းရှိ ဆင်းရဲသားရပ်ကွက်သို့ ပြန်ခဲလေ၏။ သူသည် ဆင်းရဲသား ရပ်ကွပ်သို့ မရောက်မီ ညှော်နံ့တထောင်းထောင်း ထနေသော ခေါက်ဆွဲဆိုင်ကလေးသို့ ဝင်ခဲ့လေ၏။

ထို့နောက် ဆိုင်ရှင်တရုတ်ကြီးထံသို့ သွား၍ ခေါက်ဆွဲနှစ်ခွက်ကို ဝယ်ယူလိုက်၏။

ပြီးနောက် ဆိုင်ထဲမှ ပြန်ထွက်ရန်ပြင်နေစဉ် ဆိုင်ထဲရှိ စားပွဲတစ်လုံးတွင် အရက်သောက်နေသော ဗလကြီးက လူငယ်ကို မြင်ဟန်မရှိဘဲ စားပွဲခုံကိုလက်သီးဖြင့် ဝုန်းခနဲ ထိုး၍

“ဒီနေ့ ပွဲမှာ ငါရှုံးရတာ တစ်သက်မမေ့ဘူးကွာ၊ ငါလိုဗလမောင် က ရိုးရိုးလူတစ်ယောက်ကို ရှုံးနိမ့်ရတယ်လို့ကွာ၊ လူကြားလို့တောင် မကောင်းဘူး”

ဟု ဒေါသတကြီး ပြောဆိုနေသံကို ကြားရလေ၏။ လူငယ်သည် ဗလကြီးကို ကရုဏာဟန်ဖြင့်ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

“သနားစရာပဲ၊ လောကမှာ သူ့အတွက် အဖိုးမတန်တဲ့ ယှဉ်ပြိုင်မှုတွေပဲရှိသလား မသိဘူး”

ဟု ရေရွတ်ပြီး ဆိုင်ထဲမှ ထွက်ခဲ့လေ၏။

♥♥♥

လူငယ်သည် ခေါက်ဆွဲနှစ်ထုပ်ကို ဆွဲ၍ လျှောက်လာခဲ့ပြီး ဆင်းရဲသားရပ်ကွပ်၏ အစွန်ရှိ တောင်ကုန်းလေးတစ်ခုပေါ်သို့ တက်ခဲ့လေ၏။ တောင်ကုန်းပေါ်တွင် တဲအိမ်ငယ်လေးတစ်လုံးရှိ၏။

တဲအိမ်ထဲတွင် မှိန်ပြပြ မှန်အိမ်အလင်းရောင်လေးကို မြင်ရ၏
လူငယ်သည် တဲကလေးထဲသို့ရောက်သော အခါ ကျောခိုင်း၍ ထိုင်နေသော
လူကြီးတစ်ဦး မြင်ရလေ၏ ။

လူကြီးသည် မှန်အိမ်တစ်လုံးဖြင့် တစ်စုံတစ်ရာကို ကြည့်ရှုနေဟန်ရှိ၏ ။
လူကြီးသည် လူငယ်ကို ငဲ့စောင်း၍ မကြည့်ဘဲ

"ခေါက်ဆဲကြော်ဝယ်လာသလား သူရိယ၊ ငါ မဆာသေးဘူး ၊ မင်းပဲ
စားနှင့် လိုက်ပါကွာ "

ဟု ပြောလိုက်ရာ သူရိယ ဆိုသော လူငယ်က လူကြီးကို
သဘောကျဟန်ဖြင့် ကြည့်၍

"ဦးလေးနှာခေါင်း သိပ်ကောင်းတယ်နော်၊
အမဲလိုက်ထွက်ဖို့ကောင်းတယ်"

ဟုနောက်ပြောင်လိုက်လေ၏ လူကြီးက တဟားဟားရယ်မော၍

"ဟားဟားဟား . . . ငါရဲ့ အနံ့ခံအာရုံကောင်းတာနဲ့ များ
အမဲလိုက်ရမှာလားကွာ၊ ဒီလိုကောင်းအောင် ငါတို့ ငယ်ငယ်လေးကတည်းက
လေ့ကျင့်ခဲ့တာကွ၊ ဒီလို့လေ့ကျင့်ခဲ့တာလဲ အမဲလိုက်ဖို့ မဟုတ်ဘူး"

ဟုပြောလေ၏ ။

သူရိယဆိုသော လူငယ်သည် လူကြီး၏ အနီးသို့ တိုးကပ်သွားသောအခါ
လူကြီးသည် လွန်စွာဟောင်းနွမ်း၍ ထူထဲသော ကျမ်းစာအုပ်ကြီးတစ်အုပ်ကို
ဖတ်ရှုနေကြောင်းတွေ့ရလေ၏ ။

သူရိယသည် လူကြီးကို ကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

"ဦးလေးရယ် ဒီစာအုပ်ကြီးကို ဖတ်နေပြန်ပြီ ၊ မနက်အလင်းရောင်ရမှ
ဖတ်ပါလားဗျာ၊ ကြာရင် မျက်စိပျက်နေဦးမယ်"ဟု ပြောဆိုလေရာ လူကြီးက

သက်ပြင်းချ၍

"ငါ ဒီနေ့ ဒီစာအုပ်ကြီးကို ဖတ်ချင်စိတ် ပြင်းပြင်းပြပြရှိနေတယ် မနက်ဖြန်ဆိုရင် ဒီလောက် စိတ်ဓာတ်ရှိချင်မှရှိမယ်၊ ဒါကြောင့် ငါ့ကို မတားပါနဲ့ကွာ၊ တကယ်တော့ မျက်စိပျက်တာ မပျက်တာထက် ဒီစာအုပ်ကြီး ကို ဖတ်နေဖို့ အရေးကြီးပါတယ်၊ ငါ့မှာ အချိန်သိပ်မရှိတော့ဘူးကွ"

ဟုပြောလေ၏။ သူရိယသည် လူကြီး၏ စကားကြောင့် မျက်မှောင်ကြုတ်၍

"အချိန်မရှိတော့ဘူးဟုတ်လား၊ ဦးလေးစကားကို ကျုပ်နားမရှင်းဘူး၊ ဦးလေးကဘာလို့ အချိန်မရှိတာလဲ၊ ဘာလဲ တပြိုင်တည်း သေးမင်းနိုင်ငံကို သွားမလို့လား"

ဟု နောက်ပြောင်လိုက်၏ လူကြီးက သက်ပြင်းချ၍

"သေမင်း နိုင်ငံကိုသွားတာထက် အရေးကြီးတဲ့ကိစ္စရှိနေသေးလို့ပေါ့ကွာ၊ ဒါတွေကို တစ်ချိန်ချိန်မှာ မင်းသိလာမှာပါ။ ဒီအချိန်ရောက်တော့မှ ဒူးမထောက်ချင်ဘူးလို့ ငြင်းလို့မရဘူး "

ဟုပြောလေ၏။ လူငယ်က လူကြီး၏ စကားကြောင့် ပခုံးတွန့်၍

"ဦးလေးကလည်း ပဟေဠိဆန်ချင်နေပြန်ပြီ၊ ပြောချင်ရင် အခုချက်ချင်းပြောလိုက်တာ မဟုတ်ဘူး၊ ဦးလေးဟာ ကျုပ်နားမလည်တဲ့စာတွေနဲ့ ရေးထားတဲ့ ကျမ်းကြီးကို မကြာခဏဖတ်နေတာ ဘာကြောင့်လဲဆိုတာ ကျုပ်သိချင်ပါတယ်"

ဟုပြောလေ၏။

ထိုအခါ လူကြီးက ကျမ်းစာအုပ်ကြီးကို ဖတ်ရှုနေရာမှရပ်၍

"မကြာမီ မင်းသိရတော့မှာပါ သူရိယ၊ အလျင်မလိုစမ်းပါနဲ့ ကဲ

ခေါက်ဆွဲကြော်စားပြီး အိပ်ပေတော့၊ မနက်စောစော လေ့ကျင့် ခန်းတွေ လုပ်ရဦးမယ် ”

ဟု ပြောရာ သူရိယသည် လူကြီးကို စကားမတုံ့ပြန်တော့ဘဲ စားပွဲခုံပုလေးကို သွားကာ ခေါက်ဆွဲထုပ်တစ်ထုပ်ကို ဖြေ၍ စားသောက်လေ၏ ။

ခေါက်ဆွဲစားပြီးသောအခါ ဆေးလိပ်တစ်လိပ်ကို ဖွာရှိုက်ရင်း အိပ်ရာသို့ ဝင်ခဲ့လေ၏ ။

သူရိယသည် အိပ်ရာပေါ်တွင် ကျောခင်းလိုက်သော်လည်း အလွယ်တကူ အိပ်မပျော်နိုင်သေးချေ။ သူရိယသည် သူ့ဘဂဇာတ်ကြောင်းကို ပြန်ပြောင်းတွေးမိနေ၏ ။

♥ ♥ ♥

သူ၏ မိဘများသည် မည်သူမည်ဝါဖြစ်သည်ကို ယနေ့ထက်တိုင်မ သိရဘဲ လူကြီး၏ လက်၌ ပင် ကြီးပြင်းခဲ့ရ၏ ။

သူရိယ ငယ်စဉ်ကပင် မိဘနှစ်ပါးအကြောင်းကို သိချင်လှ၍ လူကြီးကို မေးမြန်းကြည့်၏ ။ ထိုအခါ လူကြီးက သက်ပြင်းချ၍

“အချိန်တန်ရင်တော့ မင်းကို ငါပြောပြမှာပါကွာ၊ လောလောဆယ် မင်းအသက်ငယ်သေးတယ်၊ ဒီအကြောင်းတွေကို မသိချင်ပါနဲ့ဦး ”

ဟု ပြောဆိုတတ်၏ ။ သူရိယသည် အခြားကလေးများနည်းတူ မိခင် ဖခင်များ၏ ဘဂဇာတ်ကြောင်းကို သိချင်လွန်းသဖြင့် အကြိမ်ကြိမ်အဖန်ဖန် မေးမြန်းသော်လည်း လူကြီးက အဖြေပေးခြင်းမရှိချေ။

လူကြီးသည် သူ၏ မိဘအရင်းမဟုတ်သော်လည်း

မိမိအပေါ်မိဘအရင်းအခြာကဲ့သို့ ကောင်းမွန်လေ၏။ လူကြီးသည် ခြေထောက်တဖက်မသန်သော ဒုက္ခိတဖြစ်၏။

သို့သော် ငယ်စဉ်ကပင် စာပေပညာကို သင်ကြားပေးလေ၏။ ဗဟုသုတအကြားအမြင် ရှိအောင် ဆုံးမ၏ . အင်္ဂလိပ်စာ၊ သင်္ချာ။ သမိုင်းပညာ စသော ပညာရပ်ပေါင်းစုံကို သင်ကြားပေးခဲ့၏။

သူရိယသည် ငယ်စဉ်က အခြားကလေးများကဲ့သို့ ကျောင်းတတ်ချင်လှသဖြင့် လူကြီးကို ပူဆာသောအခါ လူကြီးက ခေါင်းခါယမ်း၍

"မင်းကို ကျောင်းမထားတာ အကြောင်းးရှိတယ်ကွ၊ မင်းဟာ ဉာဏ်ကောင်းတဲ့ကလေးတစ်ယောက်ပဲ၊ ဖြတ်ထိုးဉာဏ်လည်းရှိတယ်၊ ကျောင်းသွားတက်လိုက်ရင် ပညာရေးမှာ ထူးချွန်ထက်မြတ်ပြီး ဘွဲ့တွေဒီဂရီတွေရမှာသေချာတယ်၊ ဒါကြောင့်မင်းကို ငါကျောင်းမထားတာပဲ"

ဟုပြောလေ၏။ ထိုအခါ သူရိယက အံ့ဩဟန်ဖြင့် လူကြီးကို ကြည့်၍

"ဘွဲ့တွေ့ ဒီဂရီတွေရတော့ ပိုကောင်းတာပေါ့ဦးလေးရဲ့၊ ကျုပ်ကို ဘာကြောင့် ကျောင်းမထားတာလဲ"

ဟုမေးမြန်းလေ၏။ လူကြီးက မျက်မှောင်ကြုတ်၍

"မင်းဟာ ဘွဲ့တွေ ဒီဂရီတွေရဖို့ မဖြစ်ဘူးကွ၊ ဘာကြောင်လဲဆိုတော့ ဘွဲ့တွေ ဒီဂရီတွေကြောင့် မြို့အုပ်၊ အရေးပိုင်း၊ ဝန်ထောက်ဆိုတဲ့ အစိုးရရာထူးကြီးတွေကို မင်းလိုချင်လာမှစိုးရတယ်၊ တကယ်တော့ မင်းဘဝမှာ ဒီရာထူးကြီးတွေ ရယူဖို့ မဖြစ်နိုင်ဘူးကွ"ဟု ပြောလေ၏။ သူရိယသည် စိတ်ဝင်စားစွာဖြင့်

"ဘာကြောင့် မဖြစ်ရတာ လဲ ဦးလေးရဲ့၊ ပြောပါဦး"

ဟု မေးမြန်း၏ ထိုအခါ လူကြီးက ထုံးစံအတိုင်း ခေါင်းခါယမ်း၍

“ဒီအချိန်မှာ မင်းသိဖို့ စောပါသေးတယ်ကွာ၊ သည်းခံပြီး စောင့်ပါဦး”
ဟုပြောလေ၏။

သူရိယသည် လူကြီးကို မေးမရမှန်းသိ၍ ရေငုံနှုတ်ပိတ် နေလိုက်ရ၏။
လူကြီးသည် သူရိယအား စာပေဗဟုသုတ မျိုးစုံကို သင်ကြားပေးသည့်အပြင်
ကိုယ်ခံပညာကိုယ်လည်း သင်ကြားပေးလေ၏။

လူကြီးသည် ခြေထောက်တစ်ဖက်မသန်၍ ချိုင်းထောက်အကူဖြင့်
သွားလာရသော်လည်း ကိုယ်ခံပညာကို ပကတိလူကောင်းတစ်ဦး အလား
သင်ပြပေးနိုင်၏။

သူရိယသည် ကိုယ်ခံပညာကိုယ် ဝါသနာထုံသူဖြစ်သဖြင့်
ကြိုးစားပမ်းစား သင်ကြားခဲ့လေ၏။

သူရိယ အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်သောအခါ လူကြီးက
ဆိပ်ကမ်းတစ်ခုသို့ခေါ်သွားပြီး သူ၏ မိတ်ဆွေ ကူလီခေါင်းတစ်ဦးလက်အပ်ပကာ

“သူရိယ မင်းဒီနေ့ကစပြီး ဆိပ်ကမ်းမှာ ကူလီထမ်းရမယ်”

ဟုပြောလေရာ သူရိယသည် အလွန်အံ့သြသွားပြီး လူကြီး၏ မျက်နှာကို
မယုံနိုင်ဟန်ဖြင့်ကြည့်၍

“ကျုပ်ကို မြို့အုပ် အရေးပိုင်မလုပ်ခိုင်းဘဲ ကူလီတော့
လုပ်ခိုင်းတော့မှာပေ့ါ” ဟုရေရွတ်လိုက်လေ၏။ ထိုအခါ လူကြီးက
သဘောကျဟန်ဖြင့် ရယ်မော၍

“မင်းမှာ သိုင်းပညာလေ့ကျင့်ချိန်နဲ့ စာပေပညာသင်ချိန်ကလွဲရင်အ
ချိန်တွေ သိပ်များနေတယ်ကွ၊ လူတစ်ယောက်မှာ အချိန်ပိုတွေ
သိပ်များရင်မကောင်းဘူး၊ ဒါကြောင့် မင်းကို ကူလီထမ်းခိုင်းရမယ်၊ ကူလီ ထမ်းရင်း
ဘဝတူလူငယ်တွေထဲမှာ အတွေ့အကြုံတွေရှာပေ့ါကွာ ”

ဟု ပြောလေရာ သူရိယက သက်ပြင်းချ၍

“ဒီပြင် သက်သက်သာသာ အလုပ်တွေကိုလည်း လုပ်လို့ရပါတယ်ဗျာ။ ဒီလိုအောက်တန်းနောက်တန်း ကျတဲ့ အလုပ်ကိုမှ ကျုပ်ကို လုပ်ခိုင်းရသလား”

ဟု မကျေမနပ် မေးမြန်းလေ၏။ လူကြီးက သူရိယကို မျက်မှောင်ကြုတ်ကြည့်၍

“မင်းဟာ ငါ့ တပည့်ဖြစ်ပြီး အတော်ညံ့သေးတာပဲ၊ အောက်တန်းကျခြင်း၊ မကျခြင်းဆိုတာ ခံယူချင်စိတ်နဲ့ ဆိုင်တယ်ကွ၊ ကူလီအလုပ်ဆိုတာ ရိုးရိုးသားသားနဲ့ ကိုယ့်ခွန်ကိုယ့်အားကို အသုံးပြုပြီး ပိုက်ဆံရှာတဲ့အလုပ်ပဲ၊ ဒီအလုပ်မျိုးဟာ အောက်တန်းမကျပါဘူးကွာ၊ အောက်တန်းကျတယ်ဆိုတာ အမြတ်ကြီးစားခေါင်းပုံဖြတ်ပြီး သူတစ်ပါး ကို မတရား ဖိနှိပ်ချုက်ချယ်တဲ့သူတွေမှ အောက်တန်းကျတာကွ၊ အချို့ သူတော်ကောင်းယောင်ဆောင်ပြီး လာဘ်ပေးလာဘ်ယူလုပ်တဲ့ သူတွေ လည်း ရှိသေးတယ်၊ ရိုးရိုးသားသားနဲ့ ကောင်းရောင်းကောင်းဝယ် လုပ်စားတဲ့အလုပ်ဟာ ဘယ်လောက်ပဲ ဆင်းရဲနွမ်းပါးပါစေ၊ အောက်တန်း၊ မကျဘူးကွ၊ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ဝတ်ပြီး ဆင်းရဲတဲ့ သူတွေ မြင်တိုင်း အောက်တန်းကျတယ်မထင်နဲ့ တစ်ကိုယ်လုံး စိန်တွေ ရွှေတွေ သီးပြီး အဖိုးတန်ကားကြီးပေါ်က ဆင်းလာတဲ့သူလည်း အောက်တန်းကျနိုင်တာပဲ၊ ဆင်းရဲနွမ်းပါးတဲ့ သူတွေမှာလည်း စာနာထောက်ထားခြင်း၊ သနားဂရုဏာသက်ခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်းဆိုတဲ့ မြင့်မြတ်တဲ့ စိတ်ဓာတ်မျိုးလည်း ရှိနိုင်တာပဲ၊ ဒါကြောင့် ကူလီလုပ်ဖို့အတွက် မင်းမှာ ရှက်စရာအကြောင်း မရှိဘူး တကယ်တော့ ကူလီ အလုပ်ဟာ ဆိပ်ကမ်းကို လာသမျှ လူအများနဲ့ ဆက်ဆံရတာ ကွ၊ လူတွေဆီက အတွေ့အကြုံ တွေ အများကြီး ရနိုင်တယ်၊ မျက်စိကိုဖွင့် နားကိုစွင့်ပြီး သင်ယူဖို့သာ ပြင်ပေတော့ ”

ဟု ပြောခဲ့လေ၏။

♥ ♥ ♥

သူရိယသည် ထိုနေ့မှစ၍ ဆိပ်ကမ်းတွင် ကူလီ အလုပ်ကို လုပ်ကိုင်ခဲ့လေ၏ ။

သူသည် ကူလီဖြစ်ကာစက ရှိုးတိုးရှန့်တန်းဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် လွတ်လပ်ပွင့်လင်းသော ဘဝကို ပျော်ရွှင်လာ၏ ။

သူ၏ ကျေးဇူးရှင်လူကြီး၏ ထူးခြားမှုတစ်ရပ်မှာ မည်သည့် အသက်မွေးဝမ်းကျောင်း အလုပ်ကိုမျှ မလုပ်ဘဲ စားဝတ်နေရေး အဆင်ပြေနေခြင်းပင်ဖြစ်၏ ။

လူကြီး၏ အိတ်ထဲတွင် မည့်သည့်အခါမျှ ပိုက်ဆံ ပြတ်လပ်သည် မရှိချေ။

လူကြီးသည် ပိုက်ဆံ ကုန်ကာနီးတွင် အိတ်ရှုံ့ကလေးဖြင့် ပုလဲ လုံးအချို့ကိုထည့်၍ မြို့ထဲသို့ ထွက်ခွာသွားလေ၏ ။

လူကြီးပြန်လာလျှင် တစ်နှစ်စာ ပိုက်ဆံ ဖူလုံနေလေ၏ ။

ထို့ကြောင်ပင် လူကြီးနှင့် သူရိယသည် ငွေရေးကြေးရေးအတွက် ပူပန်သောက မရောက်ခဲ့ရချေ။

သူရိယသည် ရောက်တတ်ရာရာ တွေးတောရင် း အိပ်မပျော်နိုင်ဘဲ သံချောင်းခေါက်သံ သုံးချက်ကို ကြားရသောအခါမှ ပင် အိပ်ပျော်အောင်ကြိုးစားအိပ်ရလေ၏ ။

မနက်စောစောထ၍ သိုင်းလေ့ကျင့်ရဦးမည်။

♥ ♥ ♥

သူရိယသည် မနက် ၅ နာရီ ခန့်တွင် အိပ်ရာမှ ထ၍ ခြံဝင်းထဲရှိ တိုင်များ၊ တန်းများကို အသုံးပြု၍ ကျွမ်းဘားလေ့ကျင့် ခန်းများကို လေ့ကျင့်လေ၏။

ထို့နောက် တုတ်ရှည်၊ ဓားနှစ်လက် စသည့် လက်နက်များဖြင့် သိုင်းပညာကို လေ့ကျင့် ပြန်၏။

လက်နက်များနှင့် လေ့ကျင့်ခန်းပြီးနောက် လက်နက်မဲ့လေ့ကျင့်ခန်း များကို လေ့ကျင့် ပြန်၏။

ထိုလေ့ကျင့်ခန်းလည်ပါ၏။ လက်ဗွေ့သမားဆန်ဆန် သဲအိတ်ထိုးသော လေ့ကျင့်ခန်းလည်းပါ၏။

ထို့ပြင် လေထဲတွင် ရှမ်းကြိုး၊ ရှမ်းတရုတ်လက် သိုင်း လေ့ကျင့် ခန်းများကိုလည်း လေ့ကျင့်ရသေး၏။

သူရိယ သိုင်းလေ့ကျင့် ပြီး ချွေးများရွှဲနစ်နေချိန်တွင် လူကြီး နိုးလာပြီး ထမင်းကြော်နှင့် ဘဲဥကြော်၊ ဆတ်သားခြောက်ကြော်များကို စီမံနေလေ၏။

သူရိယသည် ထမင်းကြော်စားပြီးနောက် ဆိပ်ကမ်းသို့ ကူလီထမ်းရန် ထွက်ခဲ့လေ၏။

ဆိပ်ကမ်းသို့ ရောက်သောအခါ ကူလီ လူငယ်လေးများ တစ်နေရာတွင် စုပြုံ၍ တစ်စုံတစ်ရာကို တိုင်ပင်နေဟန်ရှိသဖြင့် အနီးသို့ လျှောက်သွားရာ ကူလီများက သူရိယကို မြင်သောအခါ အားကိုးဟန်ဖြင့် ဝိုင်းအုံလာပြီး ကူလီတစ်ဦးက

“လုပ်ပါဦး အစ်ကိုဂျယ်၊ ကျုပ်တို့ လုပ်အားခတွေကို မတရား ခေါင်းပုံဖြတ်နေပြီ”

ဟုပြောလေရာ သူရိယသည် မျက်မှောင်ကြုတ်၍

“ဘယ်သူက ခေါင်းပုံဖြတ်တာလဲ”

ဟု မေးမြန်းလေ၏။ ကူလီလူငယ်တစ်ဦးက

"မနေ့က သဘော်ပေါ်က ဆန်အိတ်တွေကို ကျွန်တော်တို့ အားလုံး ဝိုင်းချပေးတယ်၊ အဲဒီ တုန်က ဆန်အိတ်တွေကို ငွေငါးဆယ်ပေးမယ်ပြောပြီး ဒီနေ့ရောက်တော့ ငွေသုံးဆယ်ပဲ ပေးတော့မယ် ပြောတယ်"

ဟု ပြောလေ၏ သူရိယ က လူငယ်၏ စကားကြောင့် ခေါင်းခါယမ်း၍

"ဒါ သက်သက် မတရားလုပ်တာပဲ၊ မင်းတို့ကို ခေါင်းပုံဖြတ်တာ ဘယ်သူလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ကူလီလူငယ်က

"ကုန်သည် ဦးပွကြီးပါ"

ဟု ဖြေလေ၏။ သူရိယက လက်သီးဆုပ်၍

"ဒီကောင်ကြီးဖြစ်မယ်လို့ ငါထင်သားပဲ ၊ ဘာမှ မပူနဲ့ ၊ ဦးပွကြီး ဆီက ငါရအောင် တောင်းပေးမယ်"

ဟုပြောလေရာ ကူလီလူငယ်များသည် စိတ်အားတတ်ကြွဟန်ဖြင့် ဟေးခနဲ အော်ဟစ်လိုက်လေ၏။

ပြီးမှ ကူလီလူငယ်တစ်ဦးက စိုးရိမ်ဟန်ဖြင့်

"ဦးပွကြီးမှာ တပည့်လူမိုက်တွေရှိတယ်၊ ဖြစ်ပါ့မလား အစ်ကို၊ ဦးပွကြီး က လူမိုက်အာကိုးနဲ့ ဆိပ်ကမ်းမှာ ဗိုလ်ကျချင်နေတာကြာပြီ"

ဟုပြောလေ၏။ ကူလီလူငယ်လေးတစ်ယောက်ကလည်း ထပ်မံ ၍

"ဟုတ်တယ် အစ်ကို၊ ဦးပွကြီး ဟာ လူမိုက်တွေမွေးပြီး ထင်သလို လုပ်နေတာကြာပြီ၊ သူဟာ လူမိုက်တွေစုပြီး ပင်လယ်ပြင်မှာ ဓားပြထွက်တိုက်မယ်လို့တောင် သတင်းထွက်နေတယ်"

ဟု ပြောလေ၏။ သူရိယက မျက်မှောင်ကြုတ်၍

"ဦးပွကြီးမှာ လူဆိုးလူမိုက်တွေ ဘယ်လောက်ရှိရှိ အမှန်တရားဘက်ကတော့ ရပ်တည်ရမှာဘဲကွ၊ ငါတို့လို ဆင်းရဲသား နင်းပြားတွေကို အင်းအားရှိတဲ့သူတွေက အမြဲ အနိုင်ကျင်တော့ မှာလား၊ ငါတို့မှာ အမှန်တရားအတွက် ခေါင်းငုံ့ မခံဝံတဲ့ သတ္တိရှိဖို့လိုတယ်"

ဟု ကြုံးဝါးလိုက်ရာ ကူလီလူငယ်များသည် စိတ်အားတက်ကြွဟန်ဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းထောက်ခံကြလေ၏။

ခဏကြာလျှင် အမိုးဖွင့်ကားတစ်စီးသည် ဟွမ်းသံတပွမ်ပွမ်ပေး၍ ကူလီများရှိရာသို့ ရောက်ရှိလာလေရာ ကူလီများက စိတ်လှုပ်ရှားစွာဖြင့် ဦးပွကြီးနှင့် လူမိုက်များရောက်ရှိလာကြောင်း ပြောလေ၏။

ဦးပွကြီး၏ ကားသည် အရှိန်ကြီးစွာ မောင်းနှင်လာပြီး ကူလီများ အနီးသို့ ရောက်သောအခါ ဘရိတ်ကို ကျယ်လောင်စွာ အုပ်လိုက်လေ၏။

ကားပေါ်တွင် ဦးပွကြီးနှင့်ရှုတင်းတင်းမျက်နှာရှိသော လူမိုက်သုံးယောက်ပါ၏ လူမိုက်တစ်ဦး ကူလီများကို မထီလေးစားကြည့်၍ ကားပေါ်မှ ခုန်ဆင်းလိုက်ပြီး ပိုက်ဆံ အိတ်ထဲရှိ ငွေစက္ကူများကို ထုတ်ကာ

"မနေ့က လုပ်ခတွေ ရှင်းမယ်ဟေ့"

ဟု အော်ဟစ်လိုက်လေ၏။

ထိုအခါ ကူလီလူငယ်များသည် သူရိယ မျက်နှာကို လှမ်းကြည့်လိုက်လေ၏။ သူရိယသည် ကူလီများကို မျက်လုံးဝေ့ကြည့်လိုက်ပြီး မည်သည့်စကားကိုမျှ မဆိုတော့ဘဲ လူမိုက်ရှိရာသို့ လျှောက်ခဲ့လေ၏။

လူမိုက်သည် သူရိယကို မထီလေးစားကြည့်၍ လက်ထဲသို့ ငွေစက္ကူများကို ခပ်ကြမ်းကြမ်း ပစ်ထည့်ကာ

"သွားမယ်ဟေ့ "

ဟု ပြောဆိုရင်း အမိုးဖွင့် ကားဆီသို့ ပြန်လျှောက်သွားလေ၏ ။

သူရိယသည် ငွေစက္ကူများကို ရေတွက်ကြည့်ပြီ ငွေသုံးဆယ် ကျပ်မျှသာ ရှိကြောင်း တွေ့ရသဖြင့် လူမိုက်ကို

"ခဏနေဦး "

ဟု ခေါ်လိုက်၏ ။ လူမိုက်သည် မျက်မှောင်ကြုတ်၍ လှည့် ကြည့်လိုက်ပြီး

"ဘာဖြစ်လို့လဲကွ"

ဟု မေးမြန်းလေ၏ ။ သူရိယက သက်ပြင်းချ၍

"ခင်ဗျားတို့ မနေ့က ငွေငါးဆယ်ပေးမယ်လို့ ပြောတယ်၊ အခုပေးတော့ ငွေသုံးဆယ်ပဲလား"

ဟု မေးမြန်းလေ၏ ။ ထို အခါ လူမိုက်က

"အခါတော့ ငွေသုံးဆယ်ပဲ ယူလိုက်"

ဟု ခပ်တင်းတင်းပြောကာ ကားပေါ်သို့ ပြန်တက်ရန် ပြင်လိုက်၏ ။

ထို့အခါသူရိယသည် လူမိုက်အနောက်သို့ အမီလိုက်သွားပြီး ကားပေါ်သို့ ကျော်တက်နေသော လူမိုက်ကို ကုပ်မှအောက်သို့ ဆွဲချ၍

"ဟေ့ကောင့် ငွေနှစ်ဆယ် ထပ်ပေးမလား မပေးဘူးလား"

ဟု အော်ဟစ်လိုက်လေ၏ ။

လူမိုက်သည် သူရိယ၏ အပြုအမူကြောင့် ဒေါသူပုန်ထသွားပြီး

"တောက် . . . ကူလီကများ ငါ့ကို စော်စော်ကားကားနဲ့ ပချုံးဆွဲတယ်၊

သေပေတော့ ” ဟု ကြုံးဝါးပြီး သူရိယကို လက်သီးဖြင့် ထိုးလေ၏။

သူရိယသည် လူမိုက်၏ လက်ကို ဖမ်းချုပ်၍ လိမ်ချိုးလိုက် လူမိုက်သည် အားခနဲအော်၍ မြေပေါ်သို့ လဲကျသွားလေ၏ ထိုအခါ သူရိယက လူမိုက်၏ ပခုံးကို ခြေဖြင့်နင်း၍ လက်မောင်းကို ချုပ်ကိုင်ကာ

“ကျုပ်ရဲ့ ခြေထောက်ထဲမှာ ခင်ဗျားဘဝတစ်ခုလုံးရှိတယ်၊ ကျုပ် နည်းနည်း လေးအားစိုက်နင်းလိုက်ရင် ခင်းဗျား တစ်သက်လုံး ဒုက္ခိတ ဖြစ်သွားမယ် ဘာအောက်မေ့လဲ”

ဟုကြုံးဝါးလိုက်ရာ လူမိုက်သည် မြေပေါ်တွင် လဲကျရင်း သူရိယကို မော့ကြည့်ကာ လေသံတုန်တုန်ယင်ယင်ဖြင့်

“မလုပ်ပါနဲ့”

ဟု တောင်းပန်လေ၏။

ထိုမြင်ကွင်းကို ကြည့်၍ ဖိုဒ်ကားပေါ်ရှိ လူမိုက်နှစ်ယောက်သည် တုတ်ကိုယ်စီကိုင်၍ လွှားခနဲ ခုန်ဆင်းလာကြ၏။

သူရိယက လူမိုက်နှစ်ဦးကို ကြောက်ရွံ့ဟန်မပြဘဲ

“သတ္တိမရှိဘဲ လူမိုက်လုပ်နေတဲ့ အတ္တဘောကြီးတွေ နှစ်ယောက်စလုံး တစ်ပြိုင်တည်း ဝင်လာခဲ့” ဟု စိန်ခေါ်လိုက်ရာ လူမိုက်များသည် တုတ်များကို ဝှေ့ယမ်း၍ ရှေ့သို့ တိုးလာ၏။ သူရိယသည် မြေပေါ်တွင် လဲကျနေသော လူမိုက်ကို မထနိုင်အောင် ခြေဖြင့် နင်း ထားဆဲဖြစ်၏။

ထိုအခိုက်မှာပင် ကူလီလူငယ်တစ်ယောက်က

“အစ်ကို့အတွက် တုတ်”

ဟု အော်ဟစ် ကာ တုတ်ရှည်တစ်ချောင်းကို လှမ်းပစ်ပေးလေ၏။

သူရိယသည် လက်ထဲသို့ တုတ်ရှည်ရောက်သောအခါ လှပစွာ လှည့်ပတ်ကစား၍ လူမိုက်နှစ်ယောက်ကို စောင့်ကြိုလေ၏။

လူမိုက်များသည် အရှေ့အနောက် ခွဲကာ သူရိယကို ဝိုင်းဝန်း ရိုက်နှက်လေ၏။

သူရိယသည် အရှေ့မှ လူမိုက်၏ တုတ်ကို ကာစီး၍ ခန္ဓာကိုယ်အောက်ပိုင်းကို သိမ်းရိုက်လိုက်ရာ လူမိုက်သည် အားခနဲအော်၍ မြေပေါ်ပြိုလဲကျ၏။

အနောက်မှ လူမိုက်သည်သူရိယ၏ ခေါင်းကို တအားလွဲရိုက်လေ၏။

သူရိယသည် ခန္ဓာကိုယ်ကို တိမ်းညွတ်၍ ရှောင်လိုက်ပြီး လူမိုက်၏ လက်ကို တုတ်ရှည်ဖြင့် ရိုက်ချလိုက်ရာ လူမိုက်သည် နာကျင်စွာ အော်ဟစ်၍ တုတ်လွတ်ကျလေ၏။

သူရိယသည် လူမိုက်၏ ရင်ဂကို တုတ်ဖြင့် ဆောင့်ထိုးလိုက်ရာလူမိုက်သည် လဲကျသွားပြန်၏ သူရိယသည် ထိုအချိန်အထိ မြေပေါ်တွင် လဲကျနေသော လူမိုက်ကို ခြေဖြင့် နင်းထားဆဲဖြစ်၏။

လူမိုက် သုံးဦးလဲကျသွားသောအခါ ကူလီလူငယ်လေးများသည်သဘောကျဟန်ဖြင့် လက်ခုပ်တဖြောင်းဖြောင်း တီးကြလေ၏။

သူရိယသည် တုတ်ရှည်ကို ကိုင်၍ ကားပေါ်တွင် မျက်လုံးပြူးမျက်ဆန်ပြူး ကြည့်ရှုနေသော ဦးပွကြီးဆီသို့ တစ်လှမ်းချင်း လျှောက်သွားလေ၏။

ဦးပွကြီးသည် အခြေအနေမဟန်မှန်းသိ၍ ဒရိုင်ဘာကုလားကို

“ကုလား မောင်း . . . . . မောင်း . . . အမြန်မောင်း”

ဟု အမိန့်ပေးလေ၏ ။

သို့သော် ကုလားသည် ကားစက်နှိုးမရဘဲ ရှိနေလေ၏ ။ သူရိယ သည် ဦးပွကြီး၏ အမိုးဖွင့် ကားအနီးသို့ ရောက်သွားပြီး မည်သည့် စကားမျှ မဆိုဘဲ လက်ဝါးကို ဖြန့်ပေးလိုက်၏ ။

ဦးပွကြီးသည် နားမလည်နိုင်ဟန်ဖြင့် ကြည့်၍

"ဘာ . . .ဘာ လိုချင်လို့လဲ မောင်ရင်"

ဟု အသံတုန်တုန်ယင်ယင်ဖြင့် မေးလေ၏ သူရိယက တုတ်ရှည်ကို ကားပေါ်သို့ တင်လိုက်ပြီး

"အလုပ်သမားတွေအတွက် ကျန်တဲ ငွေနှစ်ဆယ်ကိုပေးပါ။ မပေးရင်တော့ ခင်ဗျားကားကို ဓာတ်ဆီလောင်း မီးရှို့လိုက်မယ်"

ဟု ကြုံးဝါးလိုက်ရာ ဦးပွကြီး သည် မငြင်းဆန်ဝံ့ဘဲ ငွေနှစ်ဆယ် ကို ကမန်းကတန်း ထုတ်ပေးလေ၏ ။

ထိုအခါမှ ပင် သူရိယက တုတ်ရှည်ကြီးကို ကားပေါ်မှ ပြန်ယူလိုက်ပြီး

"ခင်ဗျားကြီး နောက်တစ်ကြိမ်ဒီလိုယုတ်မာမယ်ဆိုရင် ခေါင်းကို အသေရိုက်ခွဲပြီး ကျုပ်စက်တိုင်တက်လိုက်မယ် နားလည်လား"

ဟု ပြောကာ ဦးပွကြီး အား ထိုနေရာမှ ထွက်ခွာခွင့်ပြုလိုက်၏ ထိုအခါ ဒရိုင်ဘာ ကုလားလည်း ကားကို မီးခိုးထောင်းထောင်းထွက်အောင် မောင်းနှင်သွားလေ၏ ။

ဦးပွကြီး ၏ ကားကို ကြည့်၍ ကူလီလူငယ်များက သံပြိုင်

"လူ ယုတ်မာကြီး"

ဟု ဝိုင်းဝန်းအော်ဟစ် လိုက်လေ၏ ။

သူရိယသည် ကူလီများကို ငွေနှစ်ဆယ်ကျပ်ကို အပ်နှံကာ ထိုနေရာမှ ထွက်ခွာခဲ့ရာ ကူလီများသည် သူရိယအား သူရဲကောင်းတစ်ဦးနှယ် ချီးကျူးထောပနာပြုကြလေ၏။

♥ ♥ ♥